## ဓမ္မခန္ဓာ (၁၁၄) ကလျာဏပုတုဇဉ် (အလ်–နာ့ဆ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၂၁)၊ သုတ်ဒေသနာ (၆)ပါး၊

ဦးဖွေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللّٰهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **قُلْ أَعُوذُ بِرَبِّ النَّاسِ۞**<br>ဟောလော့ "ကျွန်ုပ် ခိုလှုံသည်မှာ– လူသားတို့၏ ကံကြမ္မာရှင်– |
| ၂။ | **مَلِكِ النَّاسِ۞**<br>အရှင်သည် လူသားတို့၏ ဘုရင်– |
| ၃။ | **إِلَٰهِ النَّاسِ۞**<br>လူသားတို့၏ ဘုရားရှင်" ၌ ဖြစ်၏။ |
| ၄။ | **مِن شَرِّ الْوَسْوَاسِ الْخَنَّاسِ۞**<br>စိတ်ရိုင်း လှုံ့ဆော်မှုတို့၏ မကောင်းမှုများမှ ကင်းရန်– |
| ၅။ | **الَّذِي يُوَسْوِسُ فِي صُدُورِ النَّاسِ۞**<br>လူသားတို့၏ အတွင်းစိတ်သို့ တီးတိုးလှုံ့ဆော်သူသည်– |
| ၆။<br>☆၆း၁၀၀ | **مِنَ الْجِنَّةِ وَ النَّاسِ۞**<br>အန္တပုတုဇဉ်နှင့်☆ ကလျာဏပုတုဇဉ်တို့ အနက်မှ ဖြစ်၏။" [၁၂၀] |

---

(၁၂၀) ဤဓမ္မခန္ဓာသည် ရိုးရိုးရှင်းရှင်းပင်– လူသားတို့အား စိတ်ရိုင်းဝင်စေရန် တီးတိုးဝါဒဖြန့် လှုံ့ဆော်တတ်သော မကောင်းသော အကောင်များ၊ အဖျက်ကောင်များ၏ ဝါဒဖြန့်ခြင်းအား စီစစ်တတ်စေရန်– လူသားတို့၏ ဘုရင်၊ လူသားတို့၏ ဘုရားရှင်– လူသားတို့၏ ကံကြမ္မာရှင်၏ ထံ၌ ခိုလှုံရန် သွန်သင်ထားခြင်းပင်။ သို့သော် ဤနေရာ၌ ကျွန်ုပ်တို့ သတိထားမိရန်မှာ– ကျမ်းမြတ်ကုရ်အာန် တစ်အုပ်လုံးတွင် လုံးဝ ဖော်ပြထားခြင်း မရှိသော တစ္ဆေ၊ သရဲ၊ မှင်ကောင်၊ နာနာဘာဝများ၏ အနှောင့်ပရောဂမှ ကင်းရန်– အလ္လာဟ်အရှင်၏ နာမတော်များကို ရွတ်ဖတ်လျှက် မန်းမှုတ်နေရန်သာ သွန်သင်ထားခြင်း မဟုတ်ချေ။ ဤသုတ်တော်ပါ၊ အန္တပုတုဇဉ်ဟု ဘာသာပြန်သည့် ဂျင် ဆိုသည်မှာ လူသားစင်စစ်သာ ဖြစ်ကြောင်း ၆း၁၀၀ တွင် ရှင်းခဲ့ပြီး ဖြစ်ပေသည်။ အလားတူပင် **နာ့ဆ်** ဆိုသည်မှာလည်း လူသားပင်ဖြစ်၍–ကလျာဏပုတုဇဉ်ဟု ပြန်ဆိုခြင်း ဖြစ်သည်။ ဤဓမ္မခန္ဓာမှ သွန်သင်သည်မှာ– လူသားတို့သည် မည်သူက ကောင်းရာ ကောင်းကြောင်းကို ပြောဆိုသည်၊ ဆွေးနွေးသည်၊ တင်ပြသည်၊ သွန်သင်သည်– ဟူသည်နှင့် မည်သူသည် မကောင်းမှုဆီသို့– ယုတ္တိမဲ့စွာဖြင့် မျိုးဆက်များ အညွန့်တုံးရာသို့ ဆွဲဆောင်သည်။ ဖျားယောင်းသည် ဆိုသည်များကို ခွဲခြား သိတတ် စေရန်– အလ္လာဟ်အရှင်၏ ပြဋ္ဌာန်းပေးချက် ကျမ်းမြတ်ကုရ်အာန်အား စံအဖြစ် ဖတ်ထားလျှက်၊ လေ့လာထားလျှက် –တိုင်းတာနိုင်ရန် သွန်သင်ထား ခြင်း ဖြစ်ပေသည်။